SHARE:

[Join Our Email List]







**Digital Hate: Monthly Report for October 2024**
**(English / Myanmar)**

18 Nov 2024


| |
|---|
| 1. Introduction |
| 2. Methodology |
| 3. Findings of hate speech in Social Networks |
| 4.The figure illustrating types of hate speech |
| 5. The figure illustrating the number of hate speech targets |
| 6. Keywords used by hate speech writers |
| 7. Conclusion |
| ၁။ နိဒါန်း |
| ၂။ သုတေသနနည်းနာ |
| ၃။ လူမှုကွန်ရက်များတွင် အမုန်းစကားတွေ့ရှိချက်များ |
| ၄။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ |
| ၅။ အမုန်းစကား ဦးတည်ပစ်မှတ် အရေအတွက်များအား ဖော်ညွှန်းပုံ |
| ၆။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ |
| ၇။ နိဂုံး |






## 1. Introduction

The country of Myanmar is facing not only political and social chaos but also many challenges after the coup. Hate speech becomes a major challenge among those problems. People in Myanmar have become victims of historic disaffection, social tensions among different ethnicities, and power dynamics. Hate speech also becomes a big challenge to national harmony and social stability.

Myanmar consists of different states and regions with diverse cultures and different ethnicities. Those differences were used as a source to spread hate speech. This hate speech includes words that can incite terrorism, discrimination, and aggressiveness among residents with different religions and ethnicities.

The Myanmar military creates fear and aggressiveness to destroy the stability of democratic administration and human rights so that they can keep their power longer. If the public can understand the source and spreading mechanism of hate speech, this problem can be solved better. The objective of this report is not only to do documentation and analysis of hate speech but also to support that civil society organizations and international communities are able to tackle hate speech better.

## 2. Research Methodology

As hate speech is a term that comes from emotion, there is a wide spectrum in defining it, not a specific one. BHRN, therefore, standardized the definition of hate speech for this report as follows. Hate speech in this report means aggressiveness and hatred against protected characteristics of a person or a group, blaming, discriminative expression, writing, gesture, or art expression of excoriation, or dehumanization.

It means attacking someone’s faith, language, gender, sexual orientation, origin, ethnicity, skin color, race, belief, citizenship, and physical appearance. The monitored hate speeches were categorized as (1) Criminalizing Hate Speech, (2)

Abusive Hate Speech, (3) Dehumanizing Hate Speech, (4) Violence Inciting Hate Speech, (5) Threatening Hate Speech, and (6) Hate Speech that supports prejudicial actions inspired by hate speech.

BHRN has daily documented hate speech terms and usages found in the contents –based on the current political crisis - disseminated by the military.

This report was written after monitoring both online and printed media which were used by Junta and its supporters to spread their hate speeches. BHRN has monitored 3 Facebook groups, 13 Facebook accounts, 24 Telegram channels, 21 TikTok accounts, and 4 Printed Media during October of 2024.

**Junta's Propagative Methodology**

The spreading of hate speech in Myanmar is more intensified based on the politics after 2010. Many massacres happened among different ethnicities as a result of spreading hate speech. When the use of social media increased in Myanmar, the spreading of hate speech increased as well. The social harmony among people collapsed and social tension is increased.

According to the BHRN's monitoring, it is found that hate speeches were created to incite religious and ethnic conflicts among different communities during October. It is recorded that, those areas where the military faced losses, were more targeted by the hate speech such as Kokang, Palaung, Ta'aung, Chin, and Rakhine ethnicities. The military portrayed the ethnic people as terrorists and portrayed themselves as the holy people who were saving the country.

The Myanmar military is also using a particular technique of spreading hate speech that can affect the emotions and feelings of the residents of those areas where they target a particular area or an organization. The military also applies the propagative mechanism that creates disaffection, aggressiveness, fear, and hatred so that the public will give up on revolution and turn to disunion.

Hate speech and propagation are the main sources that create hatred among different communities and lead to conflicts. Even though there were organizations that tried to tackle hate speech in Myanmar, it was not enough yet.

## Context of misinformation as hate speech

In this report, BHRN has analysed hate speech in the context of the ongoing political tensions in Myanmar. Sometimes, when measured by international

standards, what might look like misinformation takes on a different significance in the aftermath of the 2021 coup. This is because misinformation, particularly when aimed at individuals, groups with opposing political beliefs, or minority religious communities, can have severe consequences, even leading to loss of life and the intensification of religious and community conflicts.

Hate speech in Myanmar's current political climate is more than just false information; it can be a catalyst for very real and harmful outcomes, especially in the post-coup environment. Understanding this complex relationship between hate speech, misinformation, and their tangible impacts is crucial for grasping the region's broader social, political, and intergroup dynamics.

## 3. Findings of hate speech in Social Networks

A total of 103 hate speech cases were found during BHRN's monitoring process this month. Facebook and TikTok accounts were not consistently used but temporarily and moved to other accounts and some moved to Telegram channels. The military mainly used Telegram channels and TikTok accounts to spread hate speeches and the hate speeches were done through the cartoons as well.

**Hate Speech Targets and Usages**

In this month's (the month of October) monitoring, the hate speech targeted the most was PDF and the second most was the Arakan Army (AA) and the third was the Muslim community. Moreover, hate speeches targeting NUG, Rohingya ethnicity and the Muslim community were found as well.
In addition, the most used terms of hate speeches for this month are "dog, terrorists, illegal immigrant Bengali, Kalar (a derogatory term referring to Muslims), and evil.


**Hate Speeches Targeting Arakan Army**

A pro-military channel posted a cartoon drawn by MaGa. The cartoon's message is that AA is genociding the Rohingya community and they are trying to hide it to the Muslim leaders. In that cartoon, AA leader Tun Mrat Naing was referred to as the Drug King and Rohingyas were referred to as Bengali. The cartoon used Criminalizing Hate Speech against AA and Rohingya.
Original Post  Attach link file Translation (1)

A pro-military telegram channel named Min Chit Oo posted that the Arakan Army

was defeated by the Myanmar military and then ran away after the clash happened between the military and the Arakan Army while the Arakan Army was heading to takeover Kalarpyin village located 7 miles away from Kyitenali township on October 1st. In that post, Arakan Army members were referred to as dogs. That post used Dehumanizing Hate Speech.
Original Post  Attach link file Translation (2)

A pro-military Telegram Channel posted that ARSA has defeated Arakan Army who is always killing Bamar people everywhere. In that post, Arakan Army was referred to as dog. That post used Dehumanizing Hate Speech.
**Original Post** Attach link file Translation (3)





A pro-military Telegram channel named Ka Ka Han posted that the residents in Pyonnarkyun and Pauktaw Townships should stay far from the Arakan Army as the Myanmar military is going to abolish every single one of the Arakan Army in those Townships. In that post, the Arakan Army was referred to as a dog. That post used Dehumanizing Hate Speech.
**Original Post** Attach link file Translation (4)

**Hate speech targeting People's Defense Force**

A pro-military Telegram Channel named Ka Ka Han posted that a Myanmar celebrity, Ko Pauk, was promoted from kitchen management to mortician of PDF by the National Unity Government. That post was attached with a photo of PDFs graves who died during revolutions. In that post, NUG was referred to as fugitive terrorists, and criminals as well as PDFs were referred to as dogs, and Celebrity Ko Pauk was referred to as mortician.
**Original Post** Attach link file Translation (5)

A pro-military Telegram Channel named Ka Ka Han posted that the PDF who came to attack militants in Myingyan Township had to flee away after leaving dead bodies and even a drone. In that post, PDFs were referred to as dogs. That post used Dehumanizing Hate Speech.
**Original Post** Attach link file Translation (6)






A Tiktok account named Sisthuka posted that the Myanmar military was not killing the residents but the PDF because PDF pretended to be the residents when they faced losses. In that post, PDF were referred to as terrorist Padat and PDF's speeches were referred to as prostitute's speeches. That post used Criminalizing Hate Speech and Abusive Hate Speech against PDF. **Original Post** Attach link file Translation (7)

A telegram channel posted that the Myanmar military attacked a PDF hideout in Thantalan township on October 5th and six PDFs along with the weapons were arrested by the military. It urged that PDF should be totally abolished. In that post, PDFs were referred to as terrorists, criminals and dogs. That post used Criminalizing Hate Speech and Dehumanizing Hate Speech.
**Original Post** Attach link file Translation (8)

**Hate speeches targeting the Muslim community**


A Facebook account named Lu Thar posted that Muslim organizations get permission to establish their armed base and hideouts in Bangladesh and they even get permission to forcibly collect money from those Rohingyas who have fled from Myanmar to Bangladesh by crossing the border. The AA's statement said that Muslim armed groups get permission to camp their groups on the islands of Bangladesh and those armed groups are disturbing AA camps by coming to the camps by boats. The post also mentioned that the security of Rakhine State is now more needed as Bengali terrorist groups dare to do anything because of the new Bangladesh government. In that post, Rohingyas were referred to as Muslim terrorists, and Rohingya and the Bangladesh government were portrayed as threats to Rakhine border security. That post used Criminalizing Hate Speech.
**Original Post** Attach link file Translation (9)

Western News posted that AA issued a statement saying that AA has taken over four strong bases of ARSA Muslim armed groups in Buthidaung, Maungdaw and Mayyu Townships. Moreover, AA is doing clearance operations against Muslim armed groups who fled away from battles and who were trained by the Myanmar

military. In addition, Western News commented that AA is attacking the No.5 BDF base of the Myanmar military and they are attacking Muslim armed groups at the same time. In Western News's comment, ARSA was repeatedly mentioned as Muslim militants rather than as an armed group. That post used Criminalizing Hate Speech that Muslims in Myanmar are criminals.
**Original Post** Attach link file Translation (10)

**Hate Speeches Targeting Rohingya**

A pro-military Facebook account named Lu Thar posted that both illegal immigrant Bengali and Bangladesh citizens are harming the Rakhine State. He posted it along with a screenshot of AA arresting five Bangladeshi fishermen in Naf River. In that post, Rohingyas were referred to as Illegal Immigrants.
**Original Post** Attach link file Translation (11)




A Facebook account named Lu Thar posted that, despite the war is intensified in Rakhine State, Bangladesh government is deporting Rohingya to Rakhine State at any cost, even Rohingyas themselves incite each other to go back, Border Guard Bangladesh (BGB) is deporting Rohingyas to Myanmar foreshore by boats without any agreement and Muslim armed groups are going in and out without any hesitation. If border protection fails, the number of illegal immigrants will be much higher which will lead to Rakhine residents and soldiers losing their lives. In that post, Rohingyas were referred to as illegal immigrants and militants. That post used Criminalizing Hate Speech.
Original Post Attach link file Translation (12)

A Facebook Page named Arakan News Agency uploaded a post that used the word illegal immigrant terrorist to refer to Rohingya. That word was created by the Myanmar military to portray and do propaganda against the Muslim community of Rakhine State as illegal immigrants who are originally from another country. That post also used Threatening Hate Speech against the Rohingya community.
Original Post Attach link file Translation (13)

A Facebook account named Lu Thar posted that, as AA is not able to control the whole border, Muslims are doing terrorist activities and it is the Rakhine people's responsibility not to let them do these activities on Rakhine's land. That post criminalized the Rohingya community as criminals.
Original Post Attach link file Translation (14)

### Hate Speeches Targeting Ethnic Armed Groups

A pro-military Telegram Channel named Mhinewai posted that four dead bodies of Chin Defence Force along with weapons were collected during the battle in Thantalan Township of Chin State on October 4th. In that post, CDF was mentioned as a terrorist group and that post used Criminalizing Hate Speech.
Original Post Attach link file Translation (15)

A pro-military Telegram Channel named Mhinewai posted that KIA has taken over a check gate of MNDAA and they are biting for the food. In that post, KIA and MNDAA were mentioned as terrorist groups and dogs. That post used Criminalizing Hate Speech and Dehumanizing Hate Speech.
Original Post Attach link file Translation (16)




A Telegram Channel named Terrorist AA Obituaries uploaded some photos of TNLA dominated areas destroyed by airstrikes of Myanmar military and added a caption "the places of terrorist TNLA dog". In that post, TNLA is referred to as dogs. That post used Dehumanizing Hate Speech.
**Original Post**
Attach link file Translation (17)

A Telegram Channel named Terrorist AA Obituaries posted some photos of KIA areas destroyed by the Myanmar military and added the caption "Terrorist KIA dogs in Momauk (Township) are almost gone". That post used Criminalizing Hate Speech and Dehumanizing Hate Speech as it compared KIA to dogs.
**Original Post** Attach link file Translation (18)

### Hate Speech Targeting Women


Miss Grand Myanmar National Director Htoo Ant Lwin did a Live Streaming on Facebook about



Myanmar Miss getting 2nd runner up position. In the video, Htoo Ant Lwin repeatedly said that Miss Grand International wants to give awards to only Masala women, Kalama (a derogatory term referring to Indian Miss), Patek women (referring to Indonesian Miss) and Papaya women (referring to Thailand Miss). That post used abusive Hate Speech against women.

[Original Post]

Attach link file Translation (19)





In addition, an account named Yoon Lay posted uploaded some photos of Indian Miss and added the caption "It is not worthy to rape in mind even she is looked at for the whole day". That post used Abusive Hate Speech against Indian Miss.


[Original Post]

Attach link file Translation (20)

## 4. The figure illustrating types of hate speech



## 5. The figure illustrating the number of hate speech targets




## 6. Keywords used by hate speech writers




## 7. Conclusion

In the monitoring of hate speech during October, hate speeches were created based on religion and ethnicity. Particularly, hate speech against the Muslim community and Rohingyas based on their ethnicity and beliefs was more intensified. Rohingyas in Rakhine State have been the victims of basic human rights violations due to the ethnic and religious conflicts under the successive governments. Rohingya stayed as a human shield in the power dynamic until today. In addition, the Muslim community in Myanmar faces serious human rights violations like the Rohingya community does. The Myanmar military incites violence against the Myanmar Muslim Community by creating religious hate speech so that they can divert their political challenges. During this month, the spreading of hate speech was found that the Islam religion was labeled as the religion that supports murders and killings based on an issue of an individual and an organization.

The Myanmar military even creates narratives that can cause misunderstandings

and negative impacts on a particular ethnic group by other ethnic groups. The military is using Burmese supremacy ideology to continue their oppression politically and ethnically of the ethnic communities by labeling them as supporters of terrorism.

The Myanmar military is trying to keep its power longer by labeling revolutionists, ethnic communities, non-Buddhist, and minorities as threats and illegal groups. The military leaders are using the same techniques of spreading hate speech that were used by their senior dictators.

**Attached files Translation >>>**

*Attach link file Translation (1)*

*Drug King Tun Mrat Naing with his AA group is genociding Bengali and they are trying to hide it but everything is being revealed so they have to blindly deny this.*

-----------------------------------

*Attach link file Translation (2)*

*(Text in the photo) The Arakan Army dog force with a large number of soldiers, preparing to take over Kalarpyin (Yadanarmyaing) village which is located 7 miles far from Kyitenali township, was defeated by the Myanmar military on Oct 1, 2024. It resulted in many dead and injured and then ran away. Our side did not get much losses. Today on Oct 2, 2024, dogs are silent.*

-----------------------------------

*Attach link file Translation (3)*

*(Text in the photo) it is known that ARSA has defeated Rakhine terrorist AA who are ungrateful and always killing Bamar people including those who sell Bamar blankets.*
*These dogs were not even able to bark.*

-----------------------------------

*Attach link file Translation (4)*

*(Text in the photo) Alert for our people in Punnyarkyun and Nanpauk Townships to do emergency flee as the Myanmar military will do airstrikes everyday according to the reports that we received.*
*(Caption) It is already announced that every single one of dog AA will be killed and wiped out in Punnyarkun and Nanpuak Township. We are reminding everyone again to stay away from dog AA.*
*-----------------------------------*
*Attach link file Translation (5)*

*Fugitive terrorist NUG has promoted Paukgyi from kitchen management to mortician. Even though he had to look for firewood and cook for terrorist PDF before, now he will have to dig graves and entomb the dead bodies of PDF as he got promoted to be a mortician. We know that he is sad now because he cannot cheat on working time anymore.*
*-----------------------------------*
*Attach link file Translation (6)*

*Those dog PDF who tried to attack the Myinchan militant had to run away by leaving the dead bodies of their fellows. They even left a drone as a gift.*
*-----------------------------------*
*Attach link file Translation (7)*

*How are Butalin PDF? Are you okay? You were PDF and you were pretending to be public and crying when you got attacked. Over 30 PDFs have been caught in Butalin and clearance operation is still continuing. Don’t say prostitutes talk like you are Bulatin residents even though you are Butalin PDF. Did mother Su (referring to Aung Sann Suu Kyi) teach you to say prostitute talks like this? We would like it if the whole Butalin township is holocaust.*
*-----------------------------------*
*Attach link file Translation (8)*

*We received a report that a terrorist camp was attacked in Thantalan township yesterday and six dog PDF were arrested along with their weapons.*

*(Attack … Attack … until all dog PDF are abolished)*

*-----------------------------------*

*Attach link file Translation (9)*

*(Caption) this is a post from a Bengali media Muslim terrorists are getting permission to establish Muslim terrorist armed camps on the land of Bangladesh. This is a proof.*

*They are able to do activities legally on borders and they are forcibly collecting money from those Bengali who pass through the border.*

*The Bangali government allowed ARSA and RSO to collect money on the islands along the border of Bangladesh land and it can be done because Bangladesh allowed them to establish camps.*

*In a recent AA's statement, it was mentioned that Muslim terrorists were disturbing AA camps by using boats through the islands of the Bangladesh border.*

*Bengali terrorists dare to do more under the new Bengali government.*

*(Text in the photo) There is ARSA on the island of Naf river. Everyone has to pay 3,000 Taka to pass through. There is RSO on another Island and one has to pay 3,000 to pass through. When Bangladesh police found them, they were deported back to Maungdaw Township. They lost all the money that they paid to pass through, according to the observers.*

*-----------------------------------*

*Attach link file Translation (10)*

*AA has taken over four strong bases of ARSA. AA stated on October 22nd that they had five clashes with ARSA on October 19. AA said that they got weapons provided by the Myanmar military along with the dead bodies of Muslim armed soldiers. There were clashes with ARSA in the Kharuchaung Muslim village of Buthidaung Township and there were clashes with them around the Gyinttaw camps of Maungdaw Township.*

*The statement included that AA is doing clearance operations not only against Muslim armed militants in Buthidaung and Maungdaw Townships but also against armed soldiers who were trained by the Myanmar military. The Muslim armed militants such as ARSA, RSO and ARA are hiding on Mayyu Hill and they are murdering, killing, abducting and forcibly collecting money against residents, according to AA.*

*These Muslim armed militants are only doing terrorism not only in Rakhine but also in Bangladesh and are creating instability along the border of Rakhine and Bangladesh. These militants are collaborating with the Military to attack AA.*

*-----------------------------------*

*Attach link file Translation (11)*

*Rakhine is disturbed by not only illegal Bengali but also Bengali of Bangladesh. They are accusing that AA has arrested five fishermen in Naf river on October 8. These bitches are trying to create various problems on the border.*

*-----------------------------------*

*Attach link file Translation (12)*

*Population Explosion and Bengali's travel around the world*

*The size of Bangladesh is smaller than Shan State and the population is 180 million. In this very small land, Bengali people are facing a lack of space, food, job opportunities, and poverty in their country so they are leaving their country as refugees. Poor Bengali people go to Southeast Asian countries by boat first so that they can go to a third country to get citizenship. They are traveling with fake IDs and now they are everywhere including Europe and England.*

*Once they took boats to leave their country, they identified themselves as Rohingya and they told them that they are Rohingya wherever they reach. The name Rohingya is a Visa for them to go anywhere because they will not be accepted if they tell that they are Bengali.*

*During Sheikh Hasina's administration, she told European leaders that they would*

*send 50 million Bengali as gifts because Bangladesh does not have enough land and over half of their land will be underwater by 2050. So we have to be careful that these people are trying to enter Rakhine State by using the name Rohingya.*

-----------------------------------

*Attach link file Translation (13)*

*Oh Bengali who are supporting illegal migrants terrorist ARSA, listen to this video if not, they will cut your head.* -----------------------------------

*Attach link file Translation (14)*

*Muslim terrorists Bengali are killing non-Muslim people in Maungdaw Township every day. Muslim terrorists are driving the local people out of the State before AA can control the whole state. If these Muslim terrorists are not wiped out, there will be insecurity along the border of Rakhine State. Border affairs are the main things to keep peace and harmony in the State.*

*Cox Bazar refugee camps are the bases for Muslim militants. Protection of the Rakhine State is the responsibility of the Rakhine people. It is time for all the Rakhine people to protect the Rakhine State.*

-----------------------------------

*Attach link file Translation (15)*

*(Text in the photo) Got dead bodies and weapons of terrorist CDF in Thantalan township.*

*(Caption) There were clashes with terrorist CDF in Thantalan township on October 4, 2024.*

- 4 dead bodies of Terrorist CDF, two guns, 10 bullets, and 11 bullet boxes were collected.

-----------------------------------

*Attach link file Translation (16)*

*The terrorist KA camp was taken over by the terrorist MNDAA. The dogs are fighting for food. They can even bark.*

-----------------------------------

*Attach link file Translation (17)*

*The places of dog terrorist TNLA in Naungcho and Namsan.*

-----------------------------------

*Attach link file Translation (18)*

*The places of terrorist KIA dogs are almost gone in Moemauk.*

-----------------------------------

*Attach link file Translation (19)*

*Masala Miss, Papaya Miss and Paddy-bird Miss are confusing.*

-----------------------------------

*Attach link file Translation (20)*

*It is not worthy to rape in mind even if she is looked at for the whole day*




## ၁။ နိဒါန်း

မြန်မာနိုင်ငံသည် အာဏာသိမ်းပြီးသည့် နောက်ပိုင်းတွင် နိုင်ငံရေး၊ လူမှုရေးများ ကသောင်းကနင်းဖြစ်ပြီး စိန်ခေါ်မှုများစွာဖြင့် အထွေထွေအကြပ်အတည်းကို ကြုံတွေ့နေရသည်။ ထိုစိန်ခေါ်

မှုများထဲတွင် အမုန်းစကားပြဿနာသည်လည်း စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ပေါ်ထွက်လာခဲ့သည်။ အတိတ်တွင် မရှင်းလင်းမှုများ၊ ဝါဒမှိုင်းများ၊ မကျေနပ်မှုများ၊ လူမျိုးတခုနှင့် တခုကြား တင်းမာမှုများနှင့် နိုင်ငံရေးအားပြိုင်မှုများအကြား ပြည်သူလူထုသည် အသုံးချမှုခံများအဖြစ် အမြစ်တွယ်နေသည်။ မြန်မာနိုင်ငံသည် လူမျိုးစုများအကြား သဟဇာတဖြစ်မှုကို အမုန်းစကားသည် ခြိမ်းခြောက်မှုတခုအဖြစ် ပေါက်ဖွားလာခဲ့သည်။

မြန်မာနိုင်ငံသည် တိုင်းနှင့်ပြည်နယ်အလိုက် မတူညီသော ယဉ်ကျေးမှုများ၊ တိုင်းရင်းသားများဖြင့် ပေါင်းစပ် ဖွဲ့စည်းထားသော်လည်း ထိုမတူညီမှုများသည် အမုန်းစကားများဖြန့်ဝေမှု၏ ကုန်ကြမ်းဖြစ်လာခဲ့သည်။ အမုန်းစကားများတွင် လူမျိုး၊ ဘာသာ မတူညီသည့် ဒေသများ၌ အကြမ်းဖက်မှုများ၊ ခွဲခြားဆက်ဆံမှုများ၊ ရန်လိုမုန်းတီးမှုများကို လှုံ့ဆော်ရန် ရည်ရွယ်သည့် စကားများကို ထည့်သွင်းပြောကြားနေကြသည်။

စစ်တပ်သည် ၎င်းတို့အာဏာတည်မြဲရေးအတွက် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအုပ်ချုပ်မှုကို ပျက်ပြား စေသည့် အကြောက်တရားနှင့် ရန်လိုမှုကို ဖန်တီးလေ့ရှိသည်။ ပြည်သူများအနေဖြင့် အမုန်းစကား လည်ပတ်သည့် ယန္တရားများနှင့် ပုံနှိပ်ပုံများကို နားလည်ခြင်းဖြင့် ပြဿနာများကို ပိုမိုကောင်းမွန်စွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။ ယခုအစီရင်ခံစာ၏ ရည်ရွယ်ချက်သည် မြန်မာနိုင်ငံအတွင်း ဖြန့်ဝေနေသည့် အမုန်းစကားများကို မှတ်တမ်းတင်ရန်နှင့် ခွဲခြမ်းစိတ်ဖြာရုံသာမက အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာသံတမန် အသိုင်းအဝိုင်းများအကြား ပိုမိုထိရောက်စွာ အမုန်းစကားကို တိုက်ဖျက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

## ၂။ သုတေသနနည်းနာ

အမုန်းစကားသည် စိတ်ခံစားမှု အမုန်းတရားပေါ်မူတည်ပြီး ပေါ်ပေါက်လာသော စကားရပ်ဖြစ်သည့် အလျောက် အဓိပ္ပါယ်ဖွင့်ဆိုရန် ကျယ်ပြန့်ပြီး တိကျသော ဖွင့်ဆိုချက်ဟူ၍ မရှိပေ။ သို့ဖြစ်ရာ ယခုအစီရင်ခံစာ၏ ရည်ရွယ်ချက်အတွက် အမုန်းစကားဖွင့်ဆိုချက်ကို BHRN မှ အောက်ပါအတိုင်း သတ်မှတ်ထားသည်။ တစ်စုံတစ်ဦး သို့မဟုတ် အုပ်စုတစ်စုကို ရည်ရွယ်၍ လူတစ်ဦးကို အကာအကွယ်ပြုရမည့် ဝိသေသလက္ခဏာများကို ပြင်းထန်စွာ ဝေဖန်ခြင်း၊ ပြစ်တင်ခြင်း၊ မုန်းတီးခြင်း၊ ရန်လိုခြင်း၊ ခွဲခြားနှိမ့်ချဆက်ဆံမှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ စာဖြင့်ရေးသားခြင်း၊ အမူအယာဖြင့် ဖော်ပြခြင်း၊ အနုပညာဖြင့် ဖော်ပြခြင်းတို့ကို ဆိုလိုသည်။

လူသားတစ်ဦး၏ ကိုးကွယ်မှု၊ ဘာသာစကား၊ လိင်၊ လိင်စိတ်ခံယူမှု၊ နိုင်ငံသားဇစ်မြစ်၊ တိုင်းရင်းသားဖြစ်မှု၊ အသားအရောင်၊ လူမျိုး၊ ယုံကြည်မှု၊ နိုင်ငံသားဖြစ်မှု၊ အသားအရောင်၊ ရုပ်

ပိုင်းဆိုင်ရာ အသွင်အပြင်များ စသည့် မွေးရာပါအခွင့်အရေးများကို ထိခိုက်ပြောဆိုခြင်းတို့ကို ဆိုလိုပါသည်။ လေ့လာမှုတွင် တွေ့ရှိသည့် အမုန်းစကားများကို အောက်ပါအတိုင်း ပြန်လည်ခွဲခြားပါသည်။ အပြစ်သားများအဖြစ် ပုံဖော်ရေးသားသည့် အမုန်းစကားများ၊ နိုင့်ထက်စီးနင်းပြောဆိုသည့် အမုန်းစကားများ၊ လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကားများ၊ ဆူပူအကြမ်းဖက်မှုကို အားပေးသည့် အမုန်းစကားများ၊ ခြိမ်းခြောက်မှုအဖြစ် ပုံဖော်ရေးသားသည့် အမုန်းစကားများ၊ အကြမ်းဖက်မှုနှင့် အမုန်းစကားကြောင့် ကျူးလွန်သည့် လုပ်ရပ်များကို ဂုဏ်ယူစရာအဖြစ် ရေးသားသည့် အမုန်းစကားများ စသည်တို့ဖြင့် အမျိုးအစားခွဲခြားထားပါသည်။

BHRN သည် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးစစ်ရေးတင်းမာမှုများဖြစ်ပေါ်နေချိန်တွင် စစ်တပ်နှင့် ၎င်း၏ ဝါဒဖြန့်ချန်နယ်များမှ ဖြန့်ဝေနေသည့် သတင်းအကြောင်းအရာများတွင် ပါဝင်သည့် အမုန်းစကားအသုံးအနှုန်းများကို နေ့စဉ်လေ့လာစောင့်ကြည့်မှတ်တမ်းတင်ထားပါသည်။

အမုန်းစကားများ ဖြန့်ဝေရန်အတွက် စစ်အစိုးရနှင့် ထောက်ခံသူများ အသုံးပြုနေသည့် အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာတို့ကို စောင့်ကြည့်ခြင်းဖြင့် ဤအစီရင်ခံစာကို စုစည်းထားပါသည်။ အထူးသဖြင့် BHRN သည် 2024 ခုနှစ် အောက်တိုဘာလတွင် Facebook group ၃ ခု၊  Facebook အကောင့် ၁၃ ခု၊ Telegram Channels ၂၄ ခု ၊ Tiktok account ၂၁ ခု ၊ နှင့် Printed Media ၄ ခုကို နေ့စဉ် စောင့်ကြည့်ခဲ့ပါသည်။

**စစ်ကောင်စီဝါဒဖြန့်မှုနည်းလမ်းများ**

မြန်မာနိုင်ငံတွင် အမုန်းစကား ဝါဒဖြန့်မှုများသည် ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံရေးကို အခြေပြုပြီး ပြင်းထန်ဆိုးရွားလာခဲ့သည်။ ပြည်တွင်း၌ အမုန်းစကားဖြန့်ချိမှုများကြောင့် လူတစ်စုနှင့်တစ်စုအကြား အစုလိုက်လိုက်အပြုံလိုက် သတ်ဖြတ်မှုများလည်း ဖြစ်ပွားခဲ့သည်။ အထူးသဖြင့် လူမှုကွန်ရက်များအသုံးပြုမှုတွင် ကျယ်လာသည်နှင့်အမျှ အမုန်းစကားပြန့်ပွားမှုမှာလည်း ပြင်းထန်မြန်ဆန်လာသည်။ လူ့အဖွဲ့အစည်း အချင်းချင်းအကြား လူတစ်ဦးတယောက်ချင်းစီအကြား ယုံကြည်မှု ယိုယွင်းကာ လူမှုဖိအားများကို ရင်ဆိုင်လာကြရသည်။

BHRN ၏ လစဉ်စောင့်ကြည့် မှတ်တမ်းများအရ အောက်တိုဘာလအတွင်း အမုန်းစကားဖြန့်ဝေမှုသည် လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခဖြစ်စေရန် ရည်ရွယ်သည့် ဝါဒဖြန့်ချိမှုကို တွေ့မြင်ရသည်။ စစ်ကောင်စီ၏ စစ်ရှုံးနယ်မြေများတွင် နေထိုင်သည့် တိုင်းရင်းသား လူမျိုးစုများဖြစ်သည့် ကိုးကန့်၊ ပလောင်၊ တအောင်း၊ ချင်း နှင့် ရခိုင် လူမျိုး

များကို ဦးတည်တိုက်ခိုက်သည့် အမုန်းစကားဖြန့်ဝေမှုများကိုလည်း တွေ့ရသည်။ စစ်ကောင်စီသည် တိုင်းရင်းသားများကို အကြမ်းဖက်မှုကို အားပေးသူများအဖြစ် ပုံဖော်ကာ ၎င်းတို့သည် တိုင်းပြည်ငြိမ်းချမ်းမှုအတွက် အသက်ကိုစွန့် တာဝန်ထမ်းဆောင်နေသည့် ဂုဏ်ယူမြင့်မြတ်သူများအဖြစ် ပုံဖော်ထားသည်။

စစ်အစိုးရသည် စစ်ရေးအရ ၎င်းပစ်မှတ်ထားသော နယ်မြေများ၊ အဖွဲ့အစည်းများနှင့် ပတ်သက်သည့် ကိစ္စရပ်များ ပုံဖျက်ထားသည့် ဖြစ်ရပ်များကို ယင်းဒေသရှိ ဒေသခံများ၏ စိတ်ခံစားမှုများကို အသုံးချပြီး ပြည်သူများအကြားရောက်ရှိအောင် အမုန်းစကား ဖြန့်ဝေသည့်နည်းကို အသုံးပြုသည်။ စစ်ကောင်စီသည် အမုန်းစကားများကို အသုံးပြု၍ စိတ်အလိုမကျမှု၊ ဒေါသဖြစ်မှု၊ ကြောက်ရွံ့မှု သို့မဟုတ် နာကြည်းမှုကဲ့သို့သော ပြင်းထန်သော စိတ်ခံစားမှုများကို လှုံ့ဆော်ပေးသည့် ဝါဒဖြန့်ဖြန့်ကျက်မှုကို ဆက်လက်အသုံးပြုလျက်ရှိသည်။ စစ်အစိုးရသည် ထိုသို့ပြုလုပ်ခြင်းဖြင့် စစ်အာဏာသိမ်းမှုအပေါ် ပြည်သူများ၏ တော်လှန်ရေးလိုစိတ်ကို လျော့ပါး အရှုံးပေးခြင်း၊ အချင်းချင်းစိတ်ဝမ်းကွဲမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

အမုန်းစကားနှင့် ဝါဒဖြန့်မှုများသည် လူမှုအသိုင်းအဝိုင်းများအကြား မုန်းတီးမှုကိုဖြစ်ပေါ်စေပြီး အထိကရုဏ်းများကို ဖြစ်ပွားစေသည့် အကြောင်းအရင်းများပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမုန်းစကား ဖြန့်ဝေမှုကို ထိန်းချုပ်ရန် လူမှုအဖွဲ့အစည်းများထွက်ပေါ်လာခဲ့သော်လည်း ထိရောက်သော ဟန့်တားမှုများ မရှိသေးသည်ကို တွေ့မြင်ရသည်။

## ၃။ လူမှုကွန်ရက်များတွင် အမုန်းစကားတွေ့ရှိချက်များ

BHRN ၏ ယခုလလေ့လာစောင့်ကြည့်မှုတွင် အမုန်းစကားအရေအတွက် ( ၁၀၃ ) ခုကိုတွေ့ရှိခဲ့သည်။ အမုန်းစကားဖြန့်ဝေသူများသည် Facebook Account များ၊ tiktok အကောင့်တို့ကို တကောင့်တည်းကို တစိုက်မတ်မတ်အသုံးပြုခြင်းမဟုတ်ပဲ active မဖြစ်တော့သည့်အကောင့်များကို တွေ့ရှိရပြီး အကောင့်သစ်များ ဖွင့်ခြင်းနှင့် Telegram channel များကို အသုံးပြုကြသည်။ ထို့အပြင် စစ်ကောင်စီသည် ၎င်းတို့၏ ဝါဒဖြန့်ဝေမှုအား Telegram channel များနှင့် Tiktok များကို အဓိကထားအသုံးပြုပြီး အမုန်းစကားများကို ကာတွန်းများဖြင့် ဖော်ပြမှုများလည်းရှိသည်။

**အမုန်းစကားဦးတည်ပစ်မှတ်များနှင့် အသုံးအနှုန်းများ**

အောက်တိုဘာလ လေ့လာစောင့်ကြည့်မှုတွင် တွေ့ရှိရသည့် အမုန်းစကားများ၏ ဦးတည်ပစ်မှတ်များမှ ယခုတွေ့ရှိမှုတွင် အမုန်းစကားဦးတည်တိုက်ခိုက်ခံရမှု အများဆုံးမှာ PDF များ ဖြစ်

ပြီး ဒုတိယတိုက်ခိုက်မှုအများဆုံးမှာ AA ကို ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများဖြစ်ပြီး တတိယအများဆုံး မှာ အစ္စလာမ်ဘာသာဝင်များကို ရေးသားပြောဆိုကြသည့် အမုန်းစကားတို့ ဖြစ်သည်။ ထို့ပြင် NUG ၊ ရိုဟင်ဂျာလူမျိုးများနှင့် နှင့် အစ္စလာမ်ဘာသာဝင်များအပေါ် ဦးတည် တိုက်ခိုက်သည့် အမုန်းစကားများကိုလည်း တွေ့ရှိရသည်။

ထို့ပြင် ယခုလတွင် အမုန်းစကားဖြန့်ဝေမှုများတွင် အသုံးအများဆုံး အသုံးအနှုန်းများမှာ ခွေး ၊ ခွေးအ(ခဲဝါ)၊ အကြမ်းဖက်၊ ခိုးဝင်ဘင်္ဂါလီ ၊ ကုလား၊ မိစ္ဆာ တို့ ဖြစ်သည်။

## AA(ရခိုင့်တပ်တော်)ကို ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများ


AA အဖွဲ့သည် ရိုဟင်ဂျာများအား လူမျိုးတုန်းသတ်ဖြတ်နေမှုများနှင့် ပတ်သက်ပြီး ရှေ့ကဖုံး လိုက် နောက်ကပေါ်လိုက်ဖြစ်နေလို့ ငြင်းနေရသည်ဟု ကလောင်အမည် မာဃမှ ကာတွန်း ဖြင့် ရေးဆွဲ ဖော်ပြ ထားသည်။ ထိုရေးသားမှုတွင် ရခိုင်တပ်တော် စစ်ဦးချုပ် ထွန်းမြတ်နိုင် အား ‘’ ဘိန်းရာဇာ ‘’ အဖြစ်လည်းကောင်း၊ ရိုဟင်ဂျာများအား “ဘင်္ဂါလီ” ဟု အပြစ်သား များအဖြစ် ရေးသားပုံဖော်ထားသည့် အမုန်းစကားများကို ဟန်ငြိမ်းဦး telegram channel တွင် ဖော်ပြထားသည်။ မူရင်းပို့စ် ဟန်ငြိမ်းဦး

အောက်တိုဘာလ (၁) ရက်နေ့တွင် ကျွန်တလီမြို့နှင့် ဂုမိုင်အကွာ ကုလားပြင်ရွာကို သိမ်းရန် အစီစဉ်ဖြင့် ကျောက်ပါးစပ်ရွာနှင့် ဆားချက်ရွာအကြား တိုးဝင်လာသည့် ရခိုင်တပ်တော် AA အဖွဲ့တို့ စစ်ကောင်စီနှင့် တိုက်ပွဲဖြစ်ပြီး ရခိုင်တပ်တော်အဖွဲ့မှာ အထိနာပြီး ပြန်ဆုတ်သွားကြ ကြောင်း၊ စစ်ကောင်စီဘက်တွင် အနည်းငယ်သာ ဒဏ်ရာရသူရှိပြီး အကျအဆုံးမရှိဟု စစ် ကောင်စီဝါဒဖြန့် Min Chit Oo telegram channel တွင် ဖော်ပြထားသည်။ ထိုဖော်ပြမှု တွင် ရခိုင့်တပ်တော် ရခိုင်တပ်တော် အဖွဲ့အား “ခဲဝါ(ခွေးအ)” ဟု လူအဖြစ်မှ နှိမ့်ချသည့် အမုန်းစကားကို ထည့်သွင်းဖော်ပြထားသည်။ မူရင်းပို့စ် Min Chit Oo

ဗမာများကို တွေ့သည့်နှင့် ဖမ်းပြီး အမြဲ သတ်နေသည့် ရခိုင်တပ်တော် AA အဖွဲ့ကို ARSA အဖွဲ့မှ တိုက်လိုက်ကြောင်း သိရသည် မှိုင်းဝေ telegram channel တွင် ဟုဖော်ပြထားသည်။ ထိုဖော်ပြမှုတွင် ရခိုင် အဖွဲ့ကို ခဲဝါ(ခွေးအ) ကောင်ဟု လူ



အဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကား ကို ထည့်သွင်းဖော်ပြထားသည်။ မှုရင်းပို့စ် မှိုင်းဝေ





ပုဏ္ဏားကျွန်းနှင့် ပေါက်တောတွင် ရခိုင်တပ်တော် များ တကောင်မှ မကျန်အောင် အမြစ်ဖြတ်ချေမှုန်းမည် ဖြစ်သောကြောင့် ရခိုင်တပ်တော် အဖွဲ့နှင့် ဒေသခံများ ဝေးဝေးနေကြရန် အသိပေးလိုက်သည်ဟု စစ်ကောင်စီဝါဒဖြန့် Ka Ka Han တယ်လီဂရမ် ချန်နယ်တွင် ရေးသားဖော်ပြထားသည်။ ထိုဖော်ပြမှုတွင် ရခိုင်တပ်တော် အဖွဲ့အား ခွေးအ (ခဲဝါ) ဟု လူအဖြစ်နှိမ့်ချသည့် အမုန်းစကားကို ထည့်သွင်းဖော်ပြထားသည်။ မှုရင်းပို့စ် Ka Ka Han


**ပြည်သူ့ကာကွယ်ရေး(PDF) အဖွဲ့အား ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ**

NUGအဖွဲ့မှ ဒါရိုက်တာကိုပေါက်ကို PDF များအား မီးဖိုချောင်တာဝန်ကိုယူရသည့် ရာထူးမှ သုဘရာဇာ အဖြစ် ရာထူးတိုးပေးခြင်းခံလိုက်ရသည်ဟု ပြည်သူ့တော်လှန်ရေးတိုက်ပွဲတွင် ကျဆုံးသွားသည့် ရဲဘော်များ၏ အုတ်ဂူနှင့် တွဲရိုက်ထားသည့် ပုံနှင့် ယှဉ်တွဲဖော်ပြကာ အမုန်းစကားဖြန့်ဝေထားသည်။ ထိုဖော်ပြမှုတွင် NUG အစိုးရအဖွဲ့အား ပြည်ပြေးအကြမ်းဖက်အဖွဲ့ဟုလည်းကောင်း အပြစ်သားအဖြစ်ပုံဖော်ခြင်း၊ PDF အဖွဲ့များအာ ခွေးဖြင့်ခိုင်းနှိုင်းထားခြင်းနှင့် ဒါရိုက်တာကိုပေါက်အား သုဘရာဇာအဖြစ် နိုင့်ထက်စီးနင်းရေးသားထားခြင်း စသည့် အမုန်းစကားများကို KA KA HAN Telegram ချန်နယ်၌ထည့်သွင်းဖော်ပြထားပါသည်။ မှုရင်းပို့စ် Ka Ka Han

မြင်းခြံမြို့နယ် ပြည်သူ့စစ်ကို လာရောက်တိုက်ခိုက်သည့် PDF များသည် ၎င်းတို့၏ ရဲဘော်များ၏ အလောင်းများကို ချန်ထားခဲ့ပြီး ထွက်ပြေးသွားကြသည့် အပြင် ဒရုန်း တစင်းပါ ချန်ခဲ့သည်ဟု ရေးသားဖော်ပြမှုတွင် PDG အဖွဲ့များအား ခွေးပဒက်များဟု ခွေးနှင့် ခိုင်းနှိုင်းထားသည့် အမုန်းစကားများကို Ka Ka Han Telegram ချန်နယ်တွင် ထည့်သွင်းဖော်ပြထားသည်။ မှုရင်းပို့စ် Ka Ka Han




ဘုတလင်မြို့တွင် စစ်ကောင်စီသည် ပြည်သူများကို သတ်ဖြတ်မှု၊ ဖမ်းဆီးမှုများနှင့် ပတ်သက်ပြီး စစ်ကောင်စီ ဖမ်းဆီးသတ်ဖြတ်မှုများသည် ပြည်သူများကို မဟုတ်ဘဲ PDF များသာဖြစ်ကြောင်း၊ PDF များမှ ၎င်းတို့ခံနေရချိန်တွင် ပြည်သူများဟု လိမ်လည်ပြောဆိုခြင်းဖြစ်




ကြောင်းနှင့် ဘုတလင်မြို့ကို မီးလောင် တိုက်သွင်းရန် လှုံ့ဆော်ထားသည့် လှုံ့ဆော်မှုကို စစ်သုခ Tiktok အကောင့် မှ ဖော်ပြထားပါသည် ။ ထိုဖော်ပြမှုတွင် PDF များအား အကြမ်းဖက်ပဒက်များဟုလည်းကောင်း၊ PDF များပြောဆိုမှုအား ဖာစကားများဟု အပြစ်သားများအဖြစ်ပုံဖော်ခြင်းနှင့် နိုင်ငံထက်စီးနင်းပြောဆိုခြင်း စသည့် အမုန်းစကားများကို ထည့်သွင်းဖော်ပြထားပါသည်။ မူရင်းပို့စ် စစ်သုခ

အောက်တိုဘာလ ၁၅ရက်နေ့ နေ့လယ်ပိုင်းတွင် ထန်တလန်မှ PDF စခန်းတခုကို စကစ အဖွဲ့မှ အတိုက်ခံရပြီး PDF ၆ဦးနှင့် ပစ္စည်းများကို ရရှိကြောင်းနှင့် PDF များကို အပြတ်ရှင်းလင်းရမည်ဟု စစ်ကောင်စီဝါဲဖြိန့် ရန်သူလှုပ်ရှားမှု သတင်းများ တယ်လီဂရမ်ချန်နယ်တွင်ဖော်ပြထားသည်။ ထိုဖော်ပြမှုတွင် PDF များအား အကြမ်းဖက်အဖွဲ့အဖြစ်လည်းကောင်း အပြစ်သားအဖြစ်ပုံဖော်ခြင်းနှင့် ခွေးပဒက်ဟု ခွေးနှင့် ခိုင်းနှိုင်းရေးသားခြင်း စသည့် အမုန်းစကားများကို ထည့်သွင်းဖော်ပြထားပါသည်။ မူရင်းပို့စ် ရန်သူလှုပ်ရှားမှုသတင်းများ


## အစ္စလာမ်ဘာသာဝင်များအပေါ် ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ

မွတ်စလင်အဖွဲ့များသည် ဘင်္ဂလားဒေ့ရှ်မြေတွင် လက်နက်ကိုင်အခြေစိုက်စခန်း တည်ဆောက်ခွင့်ရနေပြီး စစ်စခန်းများထားခွင့်ရနေကြောင်း၊ နယ်စပ်ကို ဖြတ်ကျော်လာသည့် ရိုဟင်ဂျာများကို ငွေကြေးတောင်းခံခွင့်ပါ ပေးထားကြောင်း Lu Thar Facebook အကောင့်၌ ဖော်ပြထားသည်။ ထိုဖော်ပြချက်တွင် AA ပြန်ကြားရေးဌာန ထုတ်ပြန်ချက်၌ ဘင်္ဂလားဒေ့ရှ် နယ်စပ်ကျွန်းများတွင် မွတ်စလင်လက်နက်ကိုင် စခန်းများ အချေချခွင့်ရနေကြသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နယ်စပ်ကျွန်းက မွတ်စလင် လက်နက်ကိုင်အဖွဲ့များက စက်လှေများဖြင့်လာပြီး AA စခန်းများကို လာနှောက်ယှက်သည့် သတင်းကိုလည်း AA အဖွဲ့က ထုတ်ပြန်ထားကြောင်း ဖော်ပြထားသည်။ ဘင်္ဂလားဒေ့ရှ် အစိုးရသစ် လက်ထက်တွင် ဘင်္ဂါလီအကြမ်းဖက်အဖွဲ့များ ပိုမိုအတင့်ရဲလာပြီး ရခိုင်နယ်စပ်အတွက် ထိရောက်သည့် လုံခြုံရေးရှိရန် လိုကြောင်း ဖော်ပြထားသည်။ ထိုဖော်ပြမှုတွင် မွတ်စလင်အကြမ်းဖက်များအဖြစ်လည်းကောင်း၊ ရိုဟင်ဂျာများနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရပေါင်းပြီး ရခိုင်နယ်စပ်လုံခြုံကိုခြိမ်းခြောက်နေကြောင်း အပြစ်သားများအဖြစ်ပုံဖော်ထားသည့် အမုန်းစကားများကို Lu Thar Facebook အကောင့်၌ ဖော်ပြထားသည်။ မူရင်းပို့စ် Lu Thar

ARSA အဖွဲ့၏ အခိုင်အမာ တပ်စခန်း ၄ ခုကို AA သိမ်းပိုက်သည့်သတင်းနှင့် ပတ်သက်ပြီး ဘူးသီးတောင်၊ မောင်တောဒေသရှိ မေယုတောင်တန်းတွင် အခိုင်အမာစခန်းချ ထားသော မွတ်စလင်လက်နက်ကိုင် ARSA ၏ တပ်စခန်း ၄ ခုကို အာရက္ခတပ်တော် AA ကသိမ်းပိုက်လိုက်ကြောင်း ၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် ထွက်ပြေးလွတ်မြောက်နေသော မွတ်စလင်လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များ အပါအဝင် စစ်ကောင်စီသင်တန်းပေးထားသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို လိုက်လံရှင်းလင်းနေကြောင်း AA အဖွဲ့က ထုတ်ပြန်ထားကြောင်း ရေးသားထားသည်။ ထို့ပြင် အာရက္ခတပ်တော် AA သည် မောင်တောမြို့ရှိ စစ်ကောင်စီ၏ နယ်ခြားစောင့်တပ်ဖွဲ့ခွဲ ၅ တပ်စခန်းကို ထိုးစစ်ဆင်တိုက်ခိုက်နေပြီး တစ်ပြိုင်နက်တည်းတွင် မွတ်စလင်လက်နက်ကိုင်အဖွဲ့များကိုလည်း တိုက်ခိုက်နေရခြင်းဖြစ်သည်ဟု Western News သတင်းဌာနမှ သုံးသပ်ဖော်ပြထားသည်။ Western News သတင်းဌာန ၏ သုံးသပ်ဖော်ပြမှုတွင် ARSA အဖွဲ့အား မွတ်စလင် စစ်သွေးကြွလက်နက်ကိုင်အဖွဲ့ဟု အကြိမ်ကြိမ်သုံးထားပြီး စစ်သွေးကြွအဖျက်သမားများ အပြစ်သားအဖြစ် ပုံဖော်ရေးသားထားမှုကိုတွေ့ရသည်။ ထို့ပြင် ARSA အဖွဲ့အား လက်နက်ကိုင်အဖွဲ့အဖြစ်သာ ဖော်ပြခြင်းမဟုတ်ဘဲ မွတ်စလင် စစ်သွေးကြွအဖြစ် ပုံဖော်ရေးသားထားမှုသည် ပြည်တွင်းနေမွတ်စလင်များ အားလည်း အပြစ်သားအဖြစ် ပုံဖော်နိုင်သည့် အမုန်းစကားများကို ထည့်သွင်းထားသည်ကို တွေ့ရသည်။ မူရင်းပို့စ် Western News

**ရိုဟင်ဂျာများကို ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ**

နတ်မြစ်အတွင်း ငါးဖမ်းဘင်္ဂလားဒေ့ရှ်နိုင်ငံသား၅ ဦးကို AA အဖွဲ့ကဖမ်းဆီးသည့်သတင်းနှင့်ပတ်သက်ပြီး ရခိုင်ကို ရိုဟင်ဂျာများက ခိုးဝင်နေခြင်းကတမျိုး ဘင်္ဂလားဒေ့ရှ်က ဘင်္ဂါလီများကတဖုံ နယ်စပ်မှာပြဿနာဖန်တီးရန် ပေါင်းကြံနေသည်ဟု စစ်ကောင်စီထောက်ခံသူ Lu Thar အကောင့်မှဖော်ပြထားသည်။ ထိုဖော်ပြမှုတွင် ရိုဟင်ဂျာများကို ခိုးဝင်ဘင်္ဂါလီများဟု အပြစ်သားအဖြစ် ပုံဖော်ရေးသားထားသည့် အမုန်းစကားများကို ထည့်သွင်းဖော်ပြထားသည်။ မူရင်းပို့စ် Lu Thar




ရခိုင်ပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွါးနေချိန် ဘင်္ဂလားဒေ့ရှ်အစိုးရသည် ရသည့်နည်းဖြင့် ရခိုင်သို့

ရိုဟင်ဂျာများကို ပြန်ပို့နေကြောင်း၊ ရိုဟင်ဂျာများ ကိုယ်တိုင်က ရခိုင်ကိုပြန်ရန် အချင်းချင်း လှုံ့ဆော်နေကြကြောင်း၊ လေ့ဖြင့် အဓိကလိုက်ပို့နေသူများမှာ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် တပ်မှ ဖြစ်ပြီး မည်သည့်သဘာတူညီချက်မှမလိုဘဲ နယ်စပ်ကမ်းနာတင်သွားရုံသာဖြစ်ကြောင်း၊ မွတ် စလင်လက်နက်ကိုင် အဖွဲ့များကလည်း အကြမ်းဖက်လုပ်ငန်းများလုပ်ကိုင်ရန် ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်နေကြကောင်း Lu Thar အကောင့်မှဖော်ပြထားသည်။ နယ်စပ်ကို မကာကွယ် နိုင်လျှင် ခိုးဝင်နေသူများ ပိုမိုများပြားလာပြီး စစ်သွေးကြွတွေကြောင့် ရခိုင်အရပ်သားနှင့် စစ်သား ပါဆုံးရှုံးမှုများရှိနေပြီဖြစ်သည်ဟု စစ်ကောင်စီထောက်ခံသူ Lu Thar အကောင့်မှဖော်ပြထားသည် ။ ထိုဖော်ပြမှုတွင် ရိုဟင်းဂျာများအား ခိုးဝင်ဘင်္ဂါလီများဟုလည်းကောင်း စစ်သွေးကြွများအဖြစ် လည်းကောင်း အပြစ်သားအဖြစ် ပုံဖော်ရေးသားထားသည့် အမုန်းစကားများကို ထည့်သွင်း ရေးသားထားသည်။ [မူရင်းပို့စ်](#) [Lu Thar](#)

ရခိုင်ပြည်နယ်အတွင်းရှိ အစ္စလာမ်ဘာသာကိုးကွယ်ကြသည့် ရိုဟင်ဂျာလူမျိုးများအား တစ်ဖက် နိုင်ငံမှ ခိုးဝင်၍လာရောက်နေထိုင်ကြသည့် ဘင်္ဂါလီများဟူ၍ စစ်တပ်မှ ခေတ်အဆက်ဆက် ပုံ ဖျက်ဝါဒဖြန့်ခဲ့သည့် အသုံးအနှုန်းဖြစ်သော ကျူးကျော် ခိုးဝင် အကြမ်းဖက် အစရှိသည့် အပြစ်သား အဖြစ်ပုံဖော်ရေးသား ထားသည့် အမုန်းစကား ရေးသားမှုတစ်ခုကို Arakan News Agency အမည်ရှိ Facebook Page တွင် ဖော်ပြထားသည်ကို တွေ့ရှိခဲ့ရပါသည်။ ထို့ပြင် ရိုဟင်ဂျာ လူမျိုး များအား အကြမ်းဖက် အန္တရာယ်ပြုရန် ခြိမ်းခြောက်ရေးသား ထားသည့် အသုံးအနှုန်းများ ပါဝင် သည်ကိုလည်း တွေ့ရှိခဲ့ပါသည်။ [မူရင်းပို့စ်](#) [Arakan News Agency](#)

AA အဖွဲ့က နယ်စပ်တလျောက်လုံးကို မထိန်းချုပ်နိုင်သေးသည့် အခြေအနေတွင် မွတ်စလင်များ သည် အကြမ်းဖက်မှုများ လုပ်ဆောင်နေကြသည် ဟူ၍ လည်းကောင်း ၊ ရခိုင်လူမျိုးတွေ ကိုယ့်ရေ ကိုယ့်မြေမှာ ကိုယ့်လူမျိုးတွေကို ခိုးဝင်တွေ အနိုင်ကျင့်ဗိုလ်ကျခွင့် မပေးကြဖို့ ရခိုင်လူမျိုးအားလုံး မှာ တာဝန်ရှိသည်ဟူ၍ လည်းကောင်း ရခိုင်ပြည်နယ်အတွင်းရှိ အစ္စလာမ်ဘာသာကိုးကွယ်ကြ သည့် ရိုဟင်ဂျာလူမျိုးများအား အပြစ်သားများ အဖြစ် ဖော်ရေးသား ထားသည့် အမုန်းစကား ရေးသားမှုကို စစ်ကောင်စီထောက်ခံသူ Lu Thar အကောင့်မှဖော်ပြထားသည်။ [မူရင်းပို့စ်](#) [Lu Thar](#)

### တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများ

အောက်တိုဘာလ(၄) ရက်နေ့တွင် ချင်းပြည်နယ် ထန်တလန်မြို့တွင် တိုက်ပွဲဖြစ်ပွါးရာ ချင်း ကာကွယ်ရေးတပ်ဖွဲ့(CDF) အဖွဲ့ဝင် ၄ လောင်းနှင့် လက်နက်များ သိမ်းဆည်းရမိသည်ဟု စစ် ကောင်စီ ထောက်ခံသူ မိုင်းဝေ တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားသည်။ ထိုဖော်ပြမှုတွင် CDF

အဖွဲ့ဝင်များကို အကြမ်းဖက်အဖွဲ့များဟု အပြစ်သားအဖြစ် ပုံဖော်ရေးသားထားသည့် အမုန်းစကားကို ထည့်သွင်းဖော်ပြ ထားသည်။ မူရင်းပို့စ် မှိုင်းဝေ

KIAအဖွဲ့၏ ဂိတ်ကို MNDAA အဖွဲ့မှ ဝင်ရောက်စီးနင်းပြီး စားခွက်လုနေကြသည်ဟု မှိုင်းဝေ တယ်လီဂရမ်ချန်နယ်တွင် ဖော်ပြထားသည်။ ထိုဖော်ပြမှုတွင် KIA နှင့် MNDAA အဖွဲ့အား အကြမ်းဖက်အဖွဲ့များ အဖြစ်လည်းကောင်း၊ ခွေးများအဖြစ် ပုံဖော်ရေးသား ထားသည့်အမုန်းစကားများကို ထည့်သွင်းဖော်ပြ ထားသည်။ မူရင်းပို့စ် မှိုင်းဝေ




TNLA စိုးမိုးနေရာအား စကစမှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ထားသည့်ပုံနှင့်ယှဉ်တွဲ ကာ TNLA အခြေချနေရာများပြာကျသွားသည်ဟု Terrorist AA Obituaries Telegram Channel မှဖော်ပြထားသည်။ ထိုဖော်ပြမှုတွင် TNLA အဖွဲ့အား ခွေးနှင့်ခိုင်းနှိုင်းကာ လူအဖြစ် မှန့်မဲ့ချဆက်ဆံသည့် အမုန်းစကားကို ထည့်သွင်းရေးသားထားသည်။ **မူရင်းပို့စ် Terrorist AA Obituaries**


မိုးမောက်မြို့တွင် စကစ ၏ လေယာဉ်ဗုံးကြဲမှုကြောင့် သေဆုံးသွားသည့် တပ်ဖွဲ့ဝင်များနှင့် သိမ်းမိသည့် လက်နက်များကို ဖော်ပြကာ မိုးမောက် အကြမ်းဖက်အဖွဲ့ဖြစ်သည့် KIA အဖွဲ့လည်း ကုန်နေပြီဟု Terrorist AA Obituaries Telegram Channel မှ ဖော်ပြထားသည်။ ထိုဖော်ပြမှုတွင် KIA အဖွဲ့များအား အကြမ်းဖက်အဖွဲ့ဟု အပြစ်သားအဖြစ်ပုံဖော်ထားသည့် အမုန်းစကားနှင့် KIA အဖွဲ့အား ခွေးနှင့်ခိုင်းနှိုင်းထားသည့် အမုန်းစကား များကို ထည့်သွင်းဖော်ပြထားသည်။ **မူရင်းပို့စ် Terrorist AA Obituaries**

**အမျိုးသမီးများအပေါ် ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ**

Miss Grand International ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Miss Grand Myanmar သည် 2nd runner up ဆုကိုသာ ရရှိခဲ့သည့်အပေါ် မြန်မာနိုင်ငံ Miss Grand Myanmar National Director ဖြစ်သည့် ထူးအံ့လွင်သည် MGI အဖွဲ့သည် မဆလာမ၊




ကုလားမ၊ ပါတိတ်မ၊ သဘော်သီးမ တို့ကိုသာ ဆုပေးချင်သာဖြစ်သည်ဟု အိန္ဒိယအလှမယ်၊ ထိုင်းအလှမယ်နှင့် အင်ဒိုနီးရှားအလှမယ်တို့ကို နိုင့်ထက်စီးနင်းပြောဆိုထားသည့် အမုန်းစကားများကို ၎င်း၏ Live တွင် ထည့်သွင်းပြောကြားခဲ့သည်။ [မူရင်းပို့စ် Bubble Booze]





ထို့ပြင် ဆုရရှိခဲ့သည့် အိန္ဒိယနိုင်ငံကိုယ်စားပြုအလှမယ်အား တနေကုန်ထိုင်ကြည့်လျှင်တောင် ပစ်မှားချင်စာမရှိဘူးဟု အိန္ဒိယအလှမယ်အား နိုင့်ထက်စီးနင်းပြောဆိုထားသည့် အမုန်းစကားကို Yoon Lay အကောင့်မှ ရေးသားဖြန့်ဝေထားသည်။ [မူရင်းပို့စ် Yoon Lay]

## ၄။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ




## ၅။ အမုန်းစကား ဦးတည်ပစ်မှတ် အရေအတွက်များအား ဖော်ညွှန်းပုံ






## ၆။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ




## ၇။ နိဂုံး

အောက်တိုဘာလအတွင်း အမုန်းစကားဖြန့်ဝေမှုများကို ခြုံငုံသုံးသပ်ကြည့်ပါက ဘာသာရေး၊ လူမျိုးရေးကို ဦးတည် ပစ်မှတ်ထားသည်ကို တွေ့မြင်ရသည်။ အထူးသဖြင့် အစ္စလာမ်ဘာသာဝင်များနှင့် ရိုဟင်ဂျာများအပေါ် ဘာသာရေး၊လူမျိုးရေးအရ တိုက်ခိုက်မှုသည် ယခုလအတွင်း ပိုမိုပြင်းထန်လာခဲ့သည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများသည် လူမျိုးရေးနှင့် ဘာသာရေး ပြဿနာများ

ကြောင့် အခြေခံလူ့အခွင့်အရေးများ အစိုးရအဆက်ဆက် ဆုံးရှုံးနေရသည်။ ယနေ့ထက်တိုင် ရိုဟင်ဂျာများသည် နိုင်ငံရေးလှည့်ကွက်များအကြား အသုံးချခံများအဖြစ်ရှိနေဆဲပင်ဖြစ်သည်။ ထို့အပြင် ရိုဟင်ဂျာများနည်းတူ မြန်မာပြည်မနေ အစ္စလာမ်ဘာသာဝင်များသည်လည်း နိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှု အများအပြားနှင့် ရင်ဆိုင်နေကြရသည်။ စစ်ကောင်စီသည် ၎င်း၏ နိုင်ငံရေးထွက်ပေါက်အဖြစ် ဘာသာရေးဆိုင်ရာ အမုန်းစကားဖြန့်ဝေကာ ပြည်တွင်းနေအစ္စလာမ်ဘာသာဝင်များအပေါ် အကြမ်းဖက်မှုများ ဖြစ်ပေါ်ရန် လှုံ့ဆော်ပေးလေ့ရှိသည်။ ယခုလတွင် လူတစ်ဦး။ လူ့အဖွဲ့အစည်းတခု ၏ ပြစ်မှုပြစ်ဒဏ်များကို ဖော်ပြကာ အစ္စလာမ်ဘာသာသည် လူသတ်မှုကိုအားပေးသည့် ဘာသာတရားအဖြစ် ပုံဖော်ပြီး အစ္စလာမ်ဘာသာဝင်များအား အကြမ်ဖက်များအဖြစ် လှုံ့ဆော်ထားသည် ကိုတွေ့မြင်နိုင်သည်။

စစ်ကောင်စီသည် ၎င်းစစ်မျက်နှာဖွင့်ထားသည့် တိုင်းရင်းသားဒေသများရှိ ဒေသခံတိုင်းရင်းသားများအပေါ် အခြားတိုင်းရင်းသားများက အထင်အမြင်လွဲမှားစေရန်လည်း ဝါဒဖြန့်ချီထားသေးသည်။ .တိုင်းရင်းသားအခွင့်အရေးအတွက် လက်နက်ကိုင်တော်လှန်သူများကို စစ်ကောင်စီသည် ဗမာလူမျိုးကြီးဝါဒကို ဆုပ်ကိုင်ကာ အခြားတိုင်းရင်းသားများကို အကြမ်းဖက်အားပေးသူများအဖြစ် ပုံဖော်ကာ နိုင်ငံရေး၊ လူမျိုးရေးအရ ဖိနှိပ်ထားမှုများကို ဆက်လက်လုပ်ဆောင်နေဆဲပင်ဖြစ်သည်။

စစ်ကောင်စီသည် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သောသူများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် ဗုဒ္ဓဘာသာမဟုတ်သူများ၊ လူနည်းစုများကို တရားမဝင်၊ အန္တရာယ်ရှိသူများအဖြစ် အမုန်းစကားဖြန့်ဝေကာ စစ်အာဏာတည်မြဲရန် ကြိုးပမ်းနေဆဲဖြစ်သည်။ အာဏာသိမ်း စစ်ခေါင်းဆောင်သည် စစ်အာဏာရှင်အဆက်ဆက် အသုံးပြုခဲ့သော အမုန်းစကားဖြန့်ဝေမှုများကို ၎င်း၏ လက်ထက်တွင် တွင်တွင်ကျယ်ကျယ် ထပ်မံအသုံးပြုနေဆဲပင်ဖြစ်သည်။

## Background on the Burma Human Rights Network (BHRN)

Burma Human Rights Network (BHRN) is based in London, operates across Burma/Myanmar and works for human rights, minority rights and religious freedom in Burma. BHRN has played a crucial role in advocating for human rights and religious freedom with politicians and world leaders.

## Media Enquiries

Please contact:

Kyaw Win,
Executive Director
Burma Human Rights Network (BHRN)
E: kyawwin@bhrn.org.uk
T: +44(0) 740 345 2378

Wai Yan
Researcher
Burma Human Rights Network (BHRN)
E: wai.yan@bhrn.org.uk

**Learn More**

[Burma Human Rights Network] | [Phone] | [E-mail] | [Website]

Connect with us

Burma Human Rights Network (BHRN) | Walthamstow | London, E17 GB

Unsubscribe | Update Profile | Constant Contact Data Notice

Constant Contact
Try email marketing for free today!